ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

National Comunnity Driven Development Project

( NCDDP )



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan (VDP)


ဘန်းယဉ်လေးကျေးရွာ၊ ဘန်းယဉ်ကျေးရွာအုပ်စု

၂၀၁၇ခုနှစ်၊ ဇွန်လ


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြို့နယ်မြေပုံ | |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) | |
| ၃။ | အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | |
| ၄။ | ကျေးရွာအခြေခံအချက်အလက် (ကျေးရွာသမိုင်းကြောင်း) | |
| ၅။ | လူထုပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ | |
| ၇။ | ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | |
| ၈။ | ကျေးရွာအချက်အလက် (ပုံစံ-၁) | |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | |
| ၁၁။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | |
| ၁၂။ | အစည်းအဝေးမှတ်တမ်းများ | |
| ၁၃။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | |

## ၁။ ဆီဆိုင်မြို့နယ်မြေပုံ


ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
မ
ဆီဆိုင်မြို့နယ်
တောင်ကြီးမြို့နယ်
ညောင်ရွှေမြို့နယ်
ဆီဆိုင်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ရည်ညွှန်းချက်
မြို့နယ်ခြား
ရပ်ကွက်ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာခြင်းဆက်လမ်း
မြစ်ချောင်း/ဆည်/
အမည်ပြောင်း
ရွာ တိုး

## ၂။ ကျေးရွာတည်နေရာပါဝင်သောကျေးရွာအုပ်စု၏မြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | တည်နေရာပြကုဒ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | MMR1304013001 | ဘန်းယဉ် | ကွက်သစ် |
| ၂ | MMR1304013002 | ဘန်းယဉ် | ဉယျာဉ်(တရုတ်) |
| ၃ | MMR1304013003 | ဘန်းယဉ် | ဉယျာဉ်(ရှမ်း) |
| ၄ | MMR1304013004 | ဘန်းယဉ် | မင်္ဂလာ(တရုတ်) |
| ၅ | MMR1304013005 | ဘန်းယဉ် | မင်္ဂလာ(ရှမ်း) |
| ၆ | MMR1304013006 | ဘန်းယဉ် | ဘန်းယဉ်ကလေး |
| ၇ | MMR1304013007 | ဘန်းယဉ် | စျေးပိုင်း |
| ၈ | MMR1304013008 | ဘန်းယဉ် | နောင်ခွန် |
| ၉ | MMR1304013009 | ဘန်းယဉ် | ဝမ့်ပုံ |
| ၁၀ | MMR1304013010 | ဘန်းယဉ် | ကွန်နား |
| ၁၁ | MMR1304013011 | ဘန်းယဉ် | ဖိုင်ကွမ်း |
| ၁၂ | MMR1304013012 | ဘန်းယဉ် | ဖိုင်လင်း |
| ၁၃ | MMR1304013013 | ဘန်းယဉ် | ကံဦး |
| ၁၄ | MMR1304013014 | ဘန်းယဉ် | နောင်စန့် |
| ၁၅ | MMR1304013015 | ဘန်းယဉ် | ပန်လွန် |
| ၁၆ | MMR1304013016 | ဘန်းယဉ် | ဟိုတင့် |
| ၁၇ | MMR1304013017 | ဘန်းယဉ် | ကွန်လုံ(ပအိုဝ်း) |
| ၁၈ | MMR1304013018 | ဘန်းယဉ် | ကွန်လုံ(ရှမ်း) |
| ၁၉ | MMR1304013019 | ဘန်းယဉ် | ကုန်းလမ်း |
| ၂၀ | MMR1304013020 | ဘန်းယဉ် | နောင်ဘို |
| ၂၁ | MMR1304013021 | ဘန်းယဉ် | ကျောင်းခမ်း |
| ၂၂ | MMR1304013022 | ဘန်းယဉ် | ကုန်းခမ်း |
| ၂၃ | MMR1304013023 | ဘန်းယဉ် | လွယ်တော် |
| ၂၄ | MMR1304013024 | ဘန်းယဉ် | ပင်မွန်း |
| ၂၅ | MMR1304013025 | ဘန်းယဉ် | နမ့်ကွတ် |
| ၂၆ | MMR1304013026 | ဘန်းယဉ် | လွယ်မွန်း |
| ၂၇ | MMR1304013027 | ဘန်းယဉ် | ခုတ်နမ့် |
| ၂၈ | MMR1304013028 | ဘန်းယဉ် | သုခလွယ်တီ |
| ၂၉ | MMR1304013029 | ဘန်းယဉ် | တန့် ဆန်း |

## ၄။ ကျေးရွာအခြေခံအချက်အလက်

ဘန်းယဉ်လေးကျေးရွာသည်မြောက်လတ္တီကျူ(၂၀.၄၆၈)နှင့်အရှေ့လောင်ဂျီကျူ(၉၇.၂၂၈၈) တွင်တည်ရှိပါသည်။ တောင်ကြီးမှလွိုင်ကော်သို့ သွားသောလမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ရှမ်းလူမျိုးများအများစု နေထိုင်ကြပါသည်။ အခြားလူမျိုးများလည်း နေထိုင်ကြသည်။ တရုတ်လူမျိုး၊ ဂေါ်ရခါးလူမျိုးနှင့် မြန်မာလူမျိုးများလည်း နေထိုင်ကြပါသည်။ အရှေ့ဖက်တွင်မင်္ဂလာ(တရုတ်)၊ တောင်ဖက်တွင်မင်္ဂလာ(ရှမ်း)၊ မြောက်ဖက်တွင် ကွက်သစ်ကျေးရွာတို့နှင့် နီးကပ်စွာရှိနေပါသည်။ ရွာတွင်မြို့ဦးရွှေဂူကျောင်းရှိပြီး လွန်ခဲ့သောနှစ်ပေါင်းက မီးလောင်ခြင်းဒဏ်ကိုခံခဲ့ရသည်။ ယခုအခါမှာ ရွာမှအလှူရှင်များနှင့် ရပ်ဝေးမှအလှူရှင်များကြောင့် ခမ်းနားထည်ဝါစွာ မြင်တွေ့ရပါသည်။

အသက်မွေးဝမ်းကြောင်းအနေဖြင့် စိုက်ပျိုးရေး၊ ဈေးရောင်းခြင်း၊ ကြံ့ရာကျပန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။ ဆယ်နှစ်ရာသီရှိသည့်အနက်စိုက်ပျိုးရေးလုပ်ငန်းကို(၁၀)လအထိလုပ်ကိုင်ကြပြီး (၂)လလောက်သာနားကြရသည်။ ထိုမျှလုပ်ကိုင်နေကြသော်လည်း ဝင်ငွေရရှိမှုမှာတိကျမှုမရှိပေ။ ရွာတွင်းလူမျိုးစုများစွာ နေထိုင်ကြသော်လည်း ခွဲခြားဆက်ဆံမှုမျိုးမရှိပေ။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် လမ်းမကြီးဘေးတွင်ရှိသောကြောင့် မခက်ခဲပေ။ ကျန်းမာရေးအနေဖြင့်လည်း ခက်ခဲမှုမရှိပေ။ ပညာရေးအနေဖြင့် ဘန်းယဉ်အထက်တန်းကျောင်းသို့ တက်ကြရပါသည်။

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PRA/PSA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးသည့် အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | အသက်မွေးဝမ်းကြောင်းများ၊ အခြေခံအဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအရင်းအမြစ်းများ။ |
| ၂။ | ဥစ္စာဓနကြွယ်ဝမှုပုံစံ | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | ကျေးရွာအတွင်းရှိလူနေမှုအဆင့်အတန်းများအကြောင်း |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | ကျေးရွာအတွင်းရှိအရင်းအမြစ်များကိုအမျိုးသား၊အမျိုးသမီးများ၏သုံးစွဲပုံများကိုဆွေးနွေးသည်။ |
| ၄။ | ရာသီခွင်ပြပြက္ခဒိန် | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | အသက်မွေးဝမ်းကြောင်းဝင်ငွေရရှိမှု၊ရေရရှိမှုရွာသားများအားလပ်ချိန်များရာသီဥတုစသည့်အကြောင်းအရာများကိုအဓိကဆွေးနွေးသည်။ |
| ၅။ | ပင့်ကူအိမ်ပုံစံ | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | အမျိုးသမီးများအားအဖွဲ့အစည်းများတွင်ပါဝင်မှု၊လူမှုရေးတွင်ပါဝင်နိုင်မှု။ ဦးဆောင်နိုင်မှုစွမ်းရည်မျိုးကိုအမျိုးသား၊ အမျိုးသမီးခွဲ၍ဆွေးနွေးသည်။ |
| ၆။ | ဗင်းပုံစံ | ၁၄.၅.၂၀၁၉ | ကျေးရွာလူထု | ၂၉ | ၄၉ | ၇၈ | ရွာတွင်းအဖွဲ့အစည်းဖွဲ့စည်းနှင်ကျေးရွာပြင်ပရှိအစိုးရအဖွဲ့ အစည်း၊ N.G.O အဖွဲ့နှင့်ချိတ်ဆက်ပုံအဆင့်ဆင့်ဆွေးနွေးသည်။ |
| ၇။ | အမျိုးသား/အမျိုးသမီးများ၏အခက်အခဲ/ပြဿနာများ | ၁၆.၅.၂၀၁၉ | ကျေးရွာလူထု | ၂၃ | ၃၃ | ၅၆ | ရွာသူ/ရွာသားများ၏စီးပွားရေး/လူမှုရေး/ ပညာရေးစသည်တို့နှင့်ကြုံတွေ့ရသည့်အခက်အခဲပြဿနာများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈။ | အမျိုးသား/အမျိုးသမီးများ၏ မျော်မှန်းချက်များ | ၁၈.၅.၂၀၁၇ | ကျေးရွာလူထု | ၂၃ | ၃၃ | ၅၆ | စီမံကိန်း(၄)နှစ် ကာလပြီးပါက နောင်(၅) နှစ်တွင် ရွာသူ/သားများက ၎င်းတို့ ကျေးရွာအားဖွံ့ဖြိုးစေချင်သောမျော်မှန်းချက်များကိုဆွေးနွေးသည်။ |
| ၉။ | အမျိုးသား/အမျိုးသမီးအဆိုပြုသော လုပ်ငန်းစဉ်များ | ၁၈.၅.၂၀၁၇ | ကျေးရွာလူထု | ၂၃ | ၃၃ | ၅၆ | ဖွံ့ဖြိုးတိုးတက်စေချင်သောလုပ်ငန်းများအားကျား/မခွဲ၍ဆွေးနွေးစေသည်။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများကိုမဲပေးရွေးချယ်ခြင်း | ၁၈.၅.၂၀၁၇ | ကျေးရွာလူထု | ၂၃ | ၃၃ | ၅၆ | ကျား/မတင်ပြသောဖွံ့ဖြိုးရေးလုပ်ငန်းကိုတစ်စုတစ်စည်းတည်းစုခြင်းနှင့်လုပ်ငန်းခွဲများကိုမဲပေးရွေးချယ် |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်

လူမှုရေးအရင်းမြစ်ပြမြေပုံကိုကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ရာ

- အများအားဖြင့်လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြသည်။
- လယ်လုပ်ကိုင်သူများပြီးခြံအလုပ်လုပ်သူမှာနည်းပါးသည်။
- ရေ၊သစ်ပင်စသည့်အရင်းအမြစ်များလျော့နည်းလာသည်ကိုလည်းတွေ့ရသည်။
- ရွာတွင်းရှိရွာသား/သူများကသာရေးနာရေးကိစ္စများ၊လူမှုရေးကိစ္စများတွင်အတူတကွပူးပေါင်းလုပ်ကိုင်ကြသည်။
- ရွာတွင်းသီးခြားနေထိုင်သောလူမျိုးစုမရှိပေ။
- တစ်စုတစ်စည်းတည်းစုပေါင်းနေထိုင်ကြသည်။
- လူမျိုးစုငယ်များကိုခွဲခြားခြင်းမရှိ၊ပစ်ပယ်ထားခြင်းမရှိပေ။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်





ဥစ္စာဓနကြွယ်ဝမှုဆန်းစစ်ချက်


ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ကိုကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ရာ

- ချမ်းသာသောအိမ်ထောင်စု(၅)စုရှိသည်။
- ချမ်းသာရသောအိမ်ထောင်စုမှာဆန်စက်၊ကား၊လယ်၊တိုက်အိမ်၊ဆိုင်ကယ်ရှိခြင်းစသည့်အကြောင်းအရာများရှိခြင်းကိုချမ်းသာသောအိမ်ထောင်စုဟုသတ်မှတ်ကြသည်။
- အလယ်အလတ်အိမ်ထောင်စု(၃၀)အိမ်ထောင်စုရှိသည်။
- အလယ်အလတ်ဟုသတ်မှတ်ရခြင်းမှာလယ်အနည်းငယ်ရှိခြင်း၊တိုက်အိမ်အနည်းငယ်၊ထရံကာအိမ်နှင့်ဆိုင်ကယ်ရှိခြင်းကြောင့်ဖြစ်ပါသည်။
- နွမ်းပါးသောအိမ်ထောင်စု (၃၈)အိမ်ထောင်စုရှိသည်။
- နွမ်းပါးရသည့်အကြောင်းအရင်းမှာတစ်နေ့လုပ်တစ်နေ့စားရခြင်း၊လယ်ယာမြေမရှိခြင်းနှင့် ထရံကာအိမ်များနှင့်သာနေရခြင်းကြောင့်ဖြစ်သည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)






ပိုင်ဆိုင်မှုသုံးသပ်ခြင်းဆန်းစစ်ချက်

ပိုင်ဆိုင်မှုသုံးသပ်ခြင်းကိုကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ရာ

- အမျိုးသမီးအသုံးပြုသောအရင်းအမြစ်မှာစေတီဖြစ်ပြီး
- အမျိုးသားအသုံးပြုသောအရင်းအမြစ်မှာဘောလုံးကွင်းနှင့်နတ်စင်တို့ဖြစ်သည်။
- နှစ်ဦးစလုံးအသုံးပြုသောအရင်းအမြစ်မှာ လမ်း၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ ရေထွက်၊ ခြံနှင့်လယ်တို့ဖြစ်သည်။
- ရှေးရိုးစွဲထုံးစံရှိသည့်အတိုင်းအမျိုးသားနှင့်အမျိုးသမီးတန်းတူထိန်းချုပ်ပါက အမျိုးသားများကလည်းနေရာမပေး။
- အမျိုးသမီးများကိုယ်တိုင်ကလည်း ကိုယ်ကိုယ်ယုံကြည်မှုအားနည်းနေသေးသည်။
- အမျိုးသားများက ထိန်းချုပ်ပြီး အမျိုးများကသုံးစွဲမည်ဆိုလျှင် မည်သည့်ပြဿနာမှ ဖြစ်ပေါ်လာခြင်းမရှိပေ။
- အရင်းအမြစ်များကို ထိန်းချုပ်ဖို့ရွာသူ/ရွာသား၊ ရပ်မိရပ်ဖမှဆုံးဖြတ်ချက်ချပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

## ရာသီခွင်ပြပြက္ခဒိန်




ရာသီခွင်ပြပြက္ခဒိန်ဆန်းစစ်ချက်


ရာသီခွင်ပြပြက္ခဒိန်ကိုကျေးရွာလူထုနှင့်အတူဆွေးနွေးခဲ့ရာ

- အသက်မွေးဝမ်းကြောင်းအနေဖြင့်လယ်လုပ်ငန်း၊နေ့စားအငှားလိုက်၊ခြံလိုက်စသည့်တို့ကိုလုပ်ကိုင်ကြသည်။
- ပျမ်းမျှဝင်ငွေတိကျမှုမရှိပေ။တစ်နှစ်ပတ်လုံးဝင်ငွေလည်းတိကျမှုမရှိပေ။
- ချွေတာစားသောက်မှသာလျှင်လုံလောက်မှုရှိသည်။
- မလုံလောက်သည့်အချိန်များတွင်ငွေတိုးချေးခြင်းဖြင့်ဖြေရှင်းကြသည်။
- အမျိုးသမီးများ၏အသက်မွေးဝမ်းကြောင်းအလုပ်မှာလဲလယ်လုပ်ခြင်း၊နေ့စားအငှားလိုက်ခြင်း၊ခြံလိုက်ခြင်းတို့ပင်ဖြစ်သည်။
- အမျိုးသမီးဦးစီးသောအိမ်ထောင်စုနှင့်အမျိုးသားဦးစီးသောအိမ်ထောင်စုများ၏ဝင်ငွေများကလည်းမတူညီကြပါ။
- လုပ်အားခများလည်းမတူညီကြပါ။
- ဆင်းရဲနွမ်းပါးသူများကကြုံရာကျပန်း၊နေ့စားအလုပ်များကိုလုပ်ကိုင်သည်။
- မသန်းစွမ်းသူများကအသက်မွေးဝမ်းကြောင်းအနေဖြင့်မိဘဆွေမျိုးများကိုသာမှီခိုအားထားရသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ပင့်ကူအိမ်သုံးသပ်ခြင်း




### ပင့်ကူအိမ်သုံးသပ်ခြင်းဆန်းစစ်ခြင်း


ပင့်ကူအိမ်သုံးသပ်ချက်ကိုရွာလူထုနှင့်ဆွေးနွေးခဲ့ရာ


- မိန်းကလေးအများစုသည်အိမ်မှုကိစ္စများတွင်လုပ်ကိုင်နေရသောကြောင့်ကွာခြားရခြင်းဖြစ်သည်။
- အမျိုးသားများကအစစအရာရာရင်ဆိုင်ရဲပြီးအမျိုးသမီးများကရင်ဆိုင်မှုအားနည်းသည်ဟုယူဆထားကြသည်။
- တစ်အိမ်နှင့်တစ်အိမ်တူညီမှုမရှိနိုင်ပေ။
- အမျိုးသမီးများကြုံတွေ့နေရသောစိန်ခေါ်မှုမှာ ရှေးရိုးစွဲအယူအဆများကြောင့်ဖြစ်သည်။
- ဈေးရောင်း၊ ဈေးဆိုင်သည်၊ မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ လက်မှုပညာသင်တန်းများ ၊စက်ချုပ်သင်တန်းများ၊ မုန့်ဖုတ်လုပ်ငန်းများတွင်

အမျိုးသမီးများကို ပါဝင်လာစေခြင်းဖြင့် အမျိုးသမီးများ၏ဝင်ငွေများကိုတိုးလာစေပြီး မိသားစုများ၏ စားဝတ်နေရေးကိုလည်း ပြေလည်စေနိုင်ပါသည်။

**၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ**

**ဗင်းပုံစံ**





**ဗင်းပုံစံဆန်းစစ်ချက်**

ဗင်းပုံစံမှကျေးရွာနှင့်ချိတ်ဆက်နေသောအဖွဲ့ အစည်းကိုရွာလူထုနှင့်ဆွေးနွေးရာ

- ရွာတွင်းသူကြီးအဖွဲ့၊ဆယ်အိမ်မှူးအဖွဲ့နှင့်လူငယ်ခေါင်းဆောင်းအဖွဲ့တို့ရှိသည်။
- ရွာအပြင်တွင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ကျန်းမာရေးဌာန၊ရဲစခန်း၊မီးသတ်ရုံးနှင့်ကြက်ခြေနီအသင်းတို့ရှိပါသည်။
- ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆယ်အိမ်မှူးတို့မှာချိတ်ဆက်မှုအားကောင်းပါသည်။
- ဆယ်အိမ်မှူးနှင့်လူငယ်ခေါင်းဆောင်အဖွဲ့တို့မှာချိတ်ဆက်မှုအားကောင်းပြီးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်ဦးဆောင်ကာလုပ်ကိုင်ပေးကြသည်။
- ကျန်းမာရေးဌာန၊ရဲစခန်း၊မီးသတ်ရုံး၊ကြက်ခြေနီအသင်းတို့မှာလည်းသီးခြားတည်ရှိနေပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### အမျိုးသားများမှတင်ပြသောအခက်အခက်များ

အမျိုးသားများကိုသီးသန့်အုပ်စုဖွဲ့၍ဆွေးနွေးစေခဲ့သည်။အမျိုးသားများမှတင်ပြသောအခက်အခဲမျ ားမှာအောက်ပါအတိုင်းဖော်ထုတ်ဆွေးနွေးခဲ့ကြသည်။

- ရွာတွင်းစည်ပင်နှင့်ပတ်သက်သောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ရေအရင်းအမြစ်ခက်ခဲခြင်း၊
- ရွာတွင်းအိမ်တိုင်းလျှပ်စစ်မီးရရှိရန်ခက်ခဲခြင်း၊
- မိုးတွင်းသွားလာရန်လမ်းများမကောင်းခြင်း၊
- စိုက်ပျိုးရေးနှင့်ပတ်သက်သောနည်းပညာများအားနည်းခြင်းကြောင့်သီးနှံများ အထွက်နည်းသည့်အခက်အခဲရှိခြင်း၊
- ကျန်းမာရေးနှင့်ပတ်သက်သောဝန်ဆောင်မှုများအားနည်းဖြင်း၊
- အိမ်ထောင်စုတိုင်းအတွက်ပုံမှန်ဝင်ငွေမရှိသည့်အခက်အခဲ၊
- တံတားပြုပြင်ရန်ရံပုံငွေအင်အားနည်းခြင်း၊
- အများသူငါစာပေလေ့လာရန်အတွက်အဆောက်အဦးမရှိခြင်း၊
- လယ်ယာများထွန်းယက်စိုက်ပျိုးရန်စက်ပစ္စည်းမှားမရှိခြင်း၊
- ရေထွက်နေရာတွင်ပြန်လည်ပြုပြင်၍ထိန်းသိမ်းရန်ခက်ခဲခြင်း၊
- စိုက်ပျိုးရေးမျိုးစိတ်ကောင်းများမရှိခြင်းစသည့်အခက်အခဲများကိုတင်ပြ ဆွေးနွေးခဲ့ကြပါသည်။

### အမျိုးသမီးများမှတင်ပြသောအခက်အခဲများ

အမျိုးသမီးများကိုသီးသန့်အုပ်စုခွဲ၍ဆွေးနွေးစေခဲ့ကြပါသည်။အမျိုးသမီးများမှာလည်းသူတို့၏အ ခက်အခဲများကိုအောက်ပါအတိုင်းဖော်ထုတ်ဆွေးနွေးခဲ့ကြပါသည်။

- အလုပ်အကိုင်ရှားပါးခြင်းပြဿနာ၊
- စိုက်ပျိုးရေးအတွက်ရေအခက်အခဲဖြစ်ခြင်း၊
- ပညာရေးအတွက်ထောက်ပံ့ပေးနိုင်ရန်အားနည်းခြင်း၊
- ရပ်ရွာအတွင်းလမ်းပြုပြင်ရန်ခက်ခဲခြင်း၊
- စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း၊
- တံတားသွားလာရခက်ခဲခြင်းစသည်တို့ကိုတင်ပြဆွေးနွေးခဲ့ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### အမျိုးသားများမှတင်ပြသောမျှော်မှန်းချက်များ

အမျိုးသားများမှရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ပါတို့ကိုမျှော်မှန်းခဲ့ကြပါသည်။ ၎င်းတို့မှာ

- လမ်းများပြုပြင်ပေးနိုင်ရန်၊
- စိုက်ပျိုးရေးနည်းပညာများရရှိရန်၊
- ကျန်းမာရေးအတွက်ဆေးခန်းရရှိရန်၊
- ကျေးရွာစာကြည့်တိုက်ရရှိရန်၊
- လျှပ်စစ်မီးရရှိရန်၊
- ရေအရင်းအမြစ်ကောင်းများရရှိရန်၊
- အိမ်ထောင်စုများဝင်ငွေကောင်းရရှိရန်၊
- ကျေးရွာလူငယ်အားကစားကွင်းရရှိရန်၊
- လူမှုကူညီမှုအသင်းများရရှိရန်၊
- မသန်စွမ်းသူများကိုအကူအညီပေးရန်စသည်တို့ကိုမျှော်မှန်းခဲ့ကြပါသည်။

### အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက်များ

အမျိုးသမီးအဖွဲ့မှတင်ပြသောကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အောက်ပါလုပ်ငန်းခွဲများကိုမျှော်မှန်းခဲ့ကြပါသည်။

- အမျိုးသမီးများစွမ်းဆောင်ရည်မြင့်လာစေရန်သင်တန်းများပေးခြင်း၊
- စိုက်ပျိုးရေးအတွက်နည်းပညာသင်တန်းများပေးရန်၊
- ရွာတွင်းကျောက်ချောလမ်းဖြစ်ရန်၊
- တံတားများကောင်းမွန်စေရန်၊
- မညာသင်စရိတ်၊ထောက်ပံ့ငွေများရရှိခြင်း၊
- စာကြည့်တိုက်ရရှိရန်၊
- ရေချောင်း၊ရေမြောင်းများပြုပြင်ပေးရန်၊
- ရိုးရာပုံမောင်းများရရှိရန်တို့ဖြစ်ပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

ဘန်းယဉ်လေးကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုကျေးရွာရှိအမျိုးသား/ အမျိုးသမီးများအုပ်စုဖွဲ့၍လုပ်ဆောင်ခဲ့ရာအောက်ပါအချက်များကိုတွေ့ရှိခဲ့ရပါသည်

အမျိုးသားများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ

- ရွာတွင်းလမ်းပြုပြင်ခြင်း၊
- စိုက်ပျိုးရေးနည်းပညာများအတွက်သင်တန်းများပေးခြင်း၊
- ကျန်းမာရေးဆေးပေးခန်း၊
- ကျေးရွာစာကြည့်တိုက်တည်ဆောက်ပေးခြင်း၊
- လျှပ်စစ်မီးရရှိရန်၊
- ရေအရင်းအမြစ်များရရှိစေရန်၊
- အိမ်ထောင်စုများအတွက်ပုံမှန်ဝင်ငွေများရရှိစေရန်၊
- အားကစားကွင်းများတည်ဆောက်ပေးခြင်း၊
- လူမှုရေးကူညီရေးယာဉ်များရရှိရန်၊
- မသန်းစွမ်းသူများအတွက်ဖွံ့ဖြိုးရေးသင်တန်းများပေးရန်စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ


- ရွာတွင်းကတ္တရာလမ်းခင်းရန်၊
- စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးရန်၊
- စာကြည့်တိုက်တည်ဆောက်ပေးခြင်း၊
- တံတားကောင်းမွန်စေခြင်း၊
- ရေချောင်း၊ ရေမြောင်းကောင်းမွန်စေရန်ပြုပြင်ပေးရန်စသည့်တို့ကို အဆိုပြုခဲ့ကြပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

ဘန်းယဉ်လေးကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုကျေးရွာလူထုများအားအုပ်စုခွဲပြုလုပ်ခဲ့ရာအမျိုးသားနှင့်အမျိုးသမီးပူးတွဲအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာအောက်ပါအတိုင်းထွက်ပေါ်လာခဲ့ပါသည်။၎င်းတို့မှာ

- ရွာတွင်းလမ်းပြုပြင်ခြင်း(ကတ္တရာလမ်း)၊ (က+မ)
- ကျေးရွာစာကြည့်တိုက်တည်ဆောက်ပေးခြင်း၊ (က+မ)
- စိုက်ပျိုးရေးနည်းပညာသင်တန်းများ (က+မ)
- ရေအရင်းအမြစ်များရရှိစေရန်၊ (က)
- အိမ်ထောင်စုများအတွက်ပုံမှန်ဝင်ငွေများရရှိစေရန်၊ (က)
- အားကစားကွင်းများတည်ဆောက်ပေးခြင်း၊ (က)
- လူမှုရေးကူညီရေးယာဉ်များရရှိရန်၊ (က)
- မသန်းစွမ်းသူများအတွက်ဖွံ့ဖြိုးရေးသင်တန်းများပေးရန် (က)
- တံတားကောင်းမွန်စေခြင်း၊ (မ)
- ရေချောင်း၊ရေမြောင်းကောင်းမွန်စေရန်ပြုပြင်ပေးရန် (မ)

**ဦးစားပေးအဆင့်နှင့်စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်း**



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းစဉ်များအပြီးသတ်စာရင်း


| စဉ် | ဦးစားပေးလုပ်ငန်းများ | အဆိုပြုသူ | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ |
|---|---|---|---|---|
| ၁။ | လမ်းပြုပြင်ခြင်း(ကွန်ကရစ်) | က+မ | ၆၈၀၀၀၀၀၀၀ | ၃၅၈ |
| ၂။ | ရေချောင်း၊ရေမြောင်းပြုပြင်ခြင်း | က+မ | ၁၅၀၀၀၀၀၀ | ၃၅၈ |
| ၃။ | ရွာတွင်းစာကြည့်တိုက် | က+မ | ၆၀၀၀၀၀၀ | ၃၅၈ |
| ၄။- | လျှပ်စစ်မီး | က | | ၃၅၈ |
| ၅။ | အားကစားကွင်း တည်ဆောက်ခြင်း | က | ၅၀၀၀၀၀၀ | ၃၅၈ |
| ၆၊ | တံတားပြုပြင်တည်ဆောက်ခြင်း | မ | ၂၅၀၀၀၀၀ | ၃၅၈ |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






ကျေးရွာစေတနာ၀န်ထမ်းမဲရလဒ်များ



## ကျေးရွာကော်မတီအဖွဲ့ဝင်များစာရင်း







# ၈။ ကျေးရွာအချက်အလက် (ပုံစံစ.၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| [illegible] | 09-785942952 | [illegible] |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| [illegible] | [illegible] | [illegible] | [illegible] |

## က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ရှမ်း | 46 | ဘာသာ (၁) 73 | 73 |
| လူမျိုးစု (၂) [illegible] | 24 | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) [illegible]<br>လူမျိုးစု(၄) ဗမာ | 1<br>2 | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 5 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 21 | | |
| စစ်ဘေးရှောင် | 0 | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 172 | 186 |
| လူမျိုးစု (၁)-ရှမ်း | 101 | 115 |
| လူမျိုးစု (၂)-[illegible] | 59 | 61 |
| လူမျိုးစု (၃)-ဗမာ | 7 | 6 |
| အခြား [illegible] | 5 | 4 |
| အိမ်ထောင်ဦးစီး | 63 | 10 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☑ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် ကျောင်းမရှိပေမဲ့ ဆရာမရှိ | | | မှတ်ချက် ဘာမှမရှိ / [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | **[ကတ္တရာလမ်း]** | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**[မရှိပါ]**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/**[မသိပါ]**

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ/**[မသိပါ]**

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 00:5 မိနစ် ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် 00:5 မိနစ် ------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 16.5.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 16.5.2017

## ၉။ ကျေးရွာစီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ စ-၂)

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် နှိုင်းပန်စံ | | | |
| နေ့စွဲ 18.5.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှမ်း(တ) | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု နန်းဟူး | ကျေးရွာ နန်းဟူးရွာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 16.5.2017 | 16.5.2017 | 29 | 49 | 73 | ဗမာ-2 \| ကရင်-22 ရှမ်း-52 \| ကော်ရခါး-1 \| ပအိုဝ်း-1 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 18.5.2017 | 18.5.2017 | 23 | 33 | 73 | ရှမ်း-38 ဗမာ-1 \| ကော်ရခါး-1 \| ကရင်-16 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး<br>၇.၁။ အစည်းအဝေး ပထမအကြိမ်<br>၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ စ-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်**။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းပေါ်စံ ၊ နန်းအေးကို

နေ့စွဲ 18.5.2017

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရှမ်း(မ) | မြို့နယ် [illegible] | ကျေးရွာအုပ်စု နန်းပေါင် | ကျေးရွာ နန်းပေါင်စား

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေအခက်အခဲရှိခြင်း | ၁ | အလုပ်အကိုင်အားပါးခြင်း |
| ၂ | ကျန်းမာရေးအခက်အခဲရှိခြင်း | ၂ | စိုက်ပျိုးမှု ရေအခက်အခဲရှိခြင်း |
| ၃ | ကိုယ်ကောင်းစုအတွက်အခက်အခဲရှိခြင်း | ၃ | ပညာအရည်အချင်းများ နည်းခြင်း |
| ၄ | လျှပ်စစ်မီးအခက်အခဲရှိခြင်း | ၄ | စိုက်ပျိုးရေးနည်းပညာအားနည်းခြင်း |
| ၅ | လမ်းအခက်အခဲရှိခြင်း | ၅ | တံတားမှုန်ဆိုး၍ သွားလာရေးခက်ခဲရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | လမ်းကောင်းမွန်လာခြင်း | ၁ | ကျောက်ချောလမ်းဖြစ်လာရန်မျှော်မှန်းခြင်း |
| ၂ | ကျန်းမာရေးအတွက် ဆေးပေးခန်း ရရှိခြင်း | ၂ | တံတားကောင်းမွန်လာခြင်း |
| ၃ | စာကြည့်တိုက်ရရှိခြင်း | ၃ | စာကြည့်တိုက်ရရှိလာခြင်း |
| ၄ | လျှပ်စစ်မီးလင်းလာခြင်း | ၄ | ရေချိုး၊ ရေမြောင်းများပြုပြင်ခြင်း |
| ၅ | ရေအရည်အသွေးကောင်းလာခြင်း | ၅ | ပညာအရည်အချင်းရရှိခြင်း |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်းပြုပြင်ခြင်း ကွန်ကရစ် | ကျ+မ / 3600'x12'x6" 2620'x10'x6" | 680 သိန်း | 358 |
| ၂ | ရေချိုး၊ ရေမြောင်းပြုပြင် | ကျ+မ / 6 တောင်x8'x2" | 15 သိန်း | 358 |
| ၃ | အလှူစုံစာကြည့်တိုက် | ကျ+မ / 16'x16'x12' | 60 သိန်း | 358 |
| ၄ | လျှပ်စစ်မီး | ကျ | - | 358 |
| ၅ | အားကစားကွင်းဆောက် | ကျ | 50 သိန်း | 358 |

နှစ်ထပ်ဆောက်

~~၆။ ကျန်းမာရေးဆေးပေးခန်း ကျ 358~~

၇။ တံတားပြုပြင်ဆောက်ခြင်း မ / 14'x4'x8' - 25 သိန်း 358

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးနည်းပညာ | (က+မ) | စိုက်ပျိုးရေးကဏ္ဍ |
| ၂ | ပညာသင်စရိတ် | (မ) | |
| ၃ | အိမ်ထောင်စုဝင်ငွေရရှိခြင်း | (က) | ပညာရေးကဏ္ဍ |
| ၄ | မသန်စွမ်းသူများကူညီထောက်ပံ့ခြင်း | (က) | ဘဏ္ဍာရေးကဏ္ဍ |
| ၅ | လူမှုရေးအသင်းရန်ပုံငွေရရှိခြင်း | (က) | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---မနန်းချိုခမ်း--- လက်မှတ် ---Kham--- နေ့စွဲ ---18.5.2017---

နောက်ဆက်တွဲအခက်အခဲပြဿနာ

အမျိုးသား

① ကားလမ်းပြုပြင်ရန်ငွေအခက်အခဲရှိခြင်း
② ကျေးရွာစာကြည့်တိုက်မရှိခြင်း
③ လယ်ယာထွန်စက်စိုက်ပျိုးရန်ခက်ခဲခြင်း
④ ရေထွက်နေရာတွင်ထိန်းသိမ်းရန်ခက်ခဲခြင်း
⑤ စိုက်ပျိုးသီးနှံမျိုးစေ့ကောင်းမရှိခြင်း

အမျိုးသမီး

① ရွာတွင်းလမ်းခက်ခဲခြင်း
② ဆိုးရာမိုးကောင်းခက်ခဲခြင်း

နောက်ဆက်တွဲမျှော်မှန်းချက်

① အိမ်ထောင်စုဝင်ငွေကောင်းလာခြင်း
② ကျေးရွာအားကစားကွင်းရရှိလိုခြင်း
③ လူမှုရေးကူညီမှုအသင်းရန်ပုံငွေရရှိရေး
④ မသန်စွမ်းသူများကိုကူညီရန်မျှော်မှန်းခြင်း
⑤ စိုက်ပျိုးရေးနည်းပညာရရှိမျှော်မှန်း

① လမ်းရရှိခြင်းသစ်တောင်းလေးရရှိမျှော်မှန်း
② စိုက်ပျိုးရေးနည်းပညာအစီအစဉ်ပေးရန်
③ ဆိုးရာမိုးကောင်းရရှိခြင်း

[illegible]

## ၁၁။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ စ-၄)

ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ၎င်းပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဒွန်ဂျောက်သက်ဆေ ၊ နိုင်းအိမ်ဟိန်း | | | |
| နေ့စွဲ ၃၁.၅.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) □စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရှမ်း | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု ဘန်းယဉ် | |

| | ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁။ | မင်္ဂလာ (ရှမ်း) | ရေကန်ပြုပြင် | 250'x200'x2' | ကျား - ၂၈၆<br>မ - ၂၆၈<br>၅၅၄ | □ ကျား<br>□ မ ✓<br>□ ကျား+ မ | ၅၅၀၀၀၀၀ | | - | - | ၅,၅၀၀,၀၀၀ |
| ၂။ | ဝမ်းပုံ | ရွာလယ်ခန်းမ | 36'x18'x12' | ကျား - ၁၆၁<br>မ - ၁၈၆<br>၃၄၇ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၇၀၀၀၀၀၀ | | - | - | ၇,၀၀၀,၀၀၀ |
| ၃။ | နောင်ခွန် | ရေလှောင်ကန်၊ ပိုက်သွယ်+ ရေသုံးဆောင်၊ ရေကန်ဂူ | ဂါလံ ၃၀၀၀၊ ပိုက် - 1.5 မိုင် | ကျား - ၆၀<br>မ - ၅၂<br>၁၁၂ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၆၅၀၀၀၀၀ | | - | - | ၆,၅၀၀,၀၀၀ |
| ၄။ | ကုန်းသစ် | ရွာလယ်ခန်းမ | 36'x24'x12' | ကျား - ၁၇၃<br>မ - ၁၆၇<br>၃၄၀ | □ ကျား<br>□ မ<br>☑ ကျား+ မ | ၈,၀၀၀,၀၀၀ | | - | - | ၈,၀၀၀,၀၀၀ |
| ၅။ | ပင်လွန်း | ဆရာမ နားနေဆောင် | 20'x19'x10' | ကျား - ၂၁၆<br>မ - ၂၀၄<br>၄၂၀ | ကျား | ၅၀၀၀၀၀၀ | | - | - | ၅,၀၀၀,၀၀၀ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ဈေးဖိုင်း | အဝီစိတွင်း၊ ရေလှောင်ကန်၊ ရေကျင် | 2"Φ 250'၊ ဂါလံ ၅၀၀၀၊ 5'x5'x8' | က-၃၃၁ မ-၃၂၃ ၆၅၅ | □ ကျား □ မ ☑ ကျား+မ | ၆,၅၀၀,၀၀၀ | ၆,၅၀၀,၀၀၀ |
| ၇။ | လွယ်တော် | ရွာလယ်အိုးမ | 30'x30'x12' | က-၄၀၁ မ-၄၁၆ ၈၁၇ | ကျား+မ | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ၈။ | နောင်စေဒီ | အဝီစိတွင်း၊ ရေလှောင်ကန် (ဂါလံ ၅၀၀၀) | 2" Φ + (ဂါလံ ၅၀၀၀) | က-၁၈၄ မ-၁၇၉ ၃၆၃ | ကျား+မ | ၆,၀၀၀,၀၀၀ | ၆,၀၀၀,၀၀၀ |
| ၉။ | ဖိုင်လင်း | ရွာလယ်အိုးမ | 36'x23'x12' | က-၉၂ မ-၈၂ ၁၇၄ | ကျား+မ | ၁၀,၁၀၀,၀၀၀ | ၁၀,၁၀၀,၀၀၀ |
| ၁၀။ | ဖိုင်ကွမ်း | ဆရာဇ နား နေဆောင် | 30'x20'x12' | က-၁၀၈ မ-၁၁၂ ၂၂၀ | ကျား+မ | ၆,၀၀၀,၀၀၀ | ၆,၀၀၀,၀၀၀ |
| ၁၁။ | ဥယျာဉ် (ရွှမ်း) | အဝီစိတွင်း ၂ တွင်း + ရေလှောင်ကန် + ရေကျင် | -2"Φ, ဂါလံ ၅၀၀၀, 5'x5'x8' -2"Φ, ဂါလံ ၄၀၀၀, 5'x5'x8' | က-၇၂၅ မ-၈၀၈ ၁၅၃၃ | ကျား+မ | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |
| ၁၂။ | ကွင်းနား | ဆရာဇ နား နေဆောင် | 40'x14'x12' | က-၃၃၄ မ-၄၂၆ ၇၆၀ | ကျား+မ | ၇,၀၀၀,၀၀၀ | ၇,၀၀၀,၀၀၀ |
| ၁၃။ | ကွက်သစ် | ကျောင်းမြေ ညှိုးမိုး | ၈၀၀' အင်္ဂတေ၊သံဘောက် | က-၂၅၆ မ-၂၇၄ ၅၃၀ | ကျား+မ | ၄,၀၀၀,၀၀၀ | ၄,၀၀၀,၀၀၀ |
| ၁၄။ | ကွင်းလုံ (ရွှမ်း) | ရွာလယ် အိုးမ | 40'x24'x12' | က-၄၈ မ-၅၃ ၁၀၁ | ကျား+မ | ၁၀,၀၀၀,၀၀၀ | ၁၀,၀၀၀,၀၀၀ |

## ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | |
|---|---|
| *လမ်းညွှန်ချက်*။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | |
| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း / မြို့နယ် | ကျေးရွာအုပ်စု |

| | ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁၅။ | သူခလွယ်တီ | ရွာလယ်ခန်းမ | 30'x20'x12' | ကျ - ၂၁၃<br>မ - ၁၉၀<br>၄၀၃ | ☐ ကျား<br>☐ မ<br>☐ ကျား+မ ✓ | ၇,၂၀၀,၀၀၀ | | - | - | ၇,၂၀၀,၀၀၀ |
| ၁၆။ | တန့်ဆန်း | ရွာလယ်ခန်းမ | (37'x18'x12') | ကျ - ၂၆၁<br>မ - ၂၆၅<br>၅၂၆ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၈,၀၀၀,၀၀၀ | | - | - | ၈,၀၀၀,၀၀၀ |
| ၁၇။ | ကန်ကြီး | ရွာလယ်ခန်းမ | 30.5'x36'x9.5' | ကျ - ၅၁၇<br>မ - ၆၀၀<br>၁၁၁၇ | ☐ ကျား<br>☑ မ<br>☐ ကျား+မ | ၁၀,၀၀၀,၀၀၀ | | - | - | ၁၀,၀၀၀,၀၀၀ |
| ၁၈။ | ပစမွန်း | ကျောက်ချော လမ်း | 1200' | ကျ - ၂၉၁<br>မ - ၁၇၈<br>၄၆၉ | ☐ ကျား<br>☐ မ<br>☑ ကျား+မ | ၁၀,၀၀၀,၀၀၀ | | - | - | ၁၀,၀၀၀,၀၀၀ |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၃၉ | ကျောက်ဖြူဆိမ်း | ရှာလယ်ခိုင်းမ | 30'x20'x10' | က - ၃၃<br>မ - ၃၈<br>၇၁ | □ ကျား<br>☑ မ<br>□ ကျား+ မ | ၇,၂၀၀,၀၀၀ | | \| | ၇,၂၀၀,၀၀၀ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ - ၃၁.၅.၂၀၁၇

ဦးဖိုးနော်ခမ်းကျော်

(signature)

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

### ပထမအကြိမ်ကျေးရွာအစည်းအဝေး

| | |
|---|---|
| ကျေးရွာအမည် | ဘန်းယဉ်လေးကျေးရွာ |
| ကျေးရွာအုပ်စုအမည် | ဘန်းယဉ်ကျေးရွာအုပ်စု |
| အစည်းအဝေးကျင်းပသည့်ရက်စွဲ | ၁၆/၅/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၂၉)ဦး၊မ(၄၉)ဦး၊ပေါင်း(၇၈)ဦး |
| အစည်းအဝေးကျင်းပသည့်နေရာ | ဘုန်းတော်ကြီးကျောင်း(ဘန်းယဉ်လေး) |
| အချိန် | နံနက်(၉)နာရီ |

### ဆွေးနွေးသည့်အကြောင်းအရာ

စီမံကိန်းအကြောင်းဆွေးနွေးပြီးစီမံကိန်းစက်ဝန်းကိုဆက်လက်ပြောပြဆွေးနွေးခဲ့သည်။ထို့နောက်စီမံကိန်းနှင့်ပတ်သက်သည့်တာဝန်နှင့်ဝတ္တရားအကြောင်းကိုဆွေးနွေးခဲ့သည်။ကျေးရွာစေတနာ့ဝန်ထမ်းကိုမဲဖြင့်ရွေးချယ်မည့်အကြောင်းဆွေးနွေးပြီးရွာသားများမှသဘောတူပြီးအမျိုးသား(၂)ယောက်၊အမျိုးသမီး(၂)ယောက်ဖြင့်ရွေးချယ်ခဲ့ကြသည်၊ဆက်လက်ပြီးလူမှုဆန်းစစ်ခြင်းအကြောင်းကိုရှင်းပြပြီးအမျိုးသား/အမျိုးသမီးအုပ်စုခွဲပြီးဆွေးနွေးစေခဲ့သည်။လူမှုဆန်းစစ်ခြင်းများဆွေးနွေးပြီးသောအခါစည်းရုံးရေးမှူးမှပြန်လည်တင်ပြပြီးပထမအကြိမ်အစည်းအဝေးကိုအဆုံးသတ်ခဲ့သည်။

### ဆုံးဖြတ်ချက်များ

ကျေးရွာစေတနာ့ဝန်ထမ်းကိုအမျိုးသား(၂)ယောက်၊အမျိုးသမီး(၂)ယောက်ဖြင့်မဲရွေးချယ်ကြရန်ဆုံးဖြတ်ချက်ချခြင်း၊လူမှုဆန်းစစ်ခြင်းကိုဆွေးနွေးရာတွင်လည်းအမျိုးသား/အမျိုးသမီးအုပ်စု(၂)စုခွဲပြီးဆွေးနွေးရန်ဆုံးဖြတ်ချက်ချခြင်း၊ထို့နောက်ဆွေးနွေးခြင်းများနှင့်ပတ်သက်ပြီးသုံးသပ်ချက်များကိုလည်းဆွေးနွေးခဲ့ကြပြီးနောက်ရက်တွင်ပြန်လည်တင်ပြပေးရန်ဆုံးဖြတ်ခဲ့ပြီးအစည်းအဝေးကိုအဆုံးသတ်ခဲ့သည်။

မှတ်တမ်းတင်သူ

အမည် = နန်းယိင်းစံ

ရာထူး = လူထုစည်းရုံးရေးမှူး

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

| | |
|---|---|
| ကျေးရွာအမည် | ဘန်းယဉ်လေးကျေးရွာ |
| ကျေးရွာအုပ်စုအမည် | ဘန်းယဉ်ကျေးရွာ |
| အစည်းအဝေးကျင်းးပသည့်ရက်စွဲ | ၁၈/၅/၂၀၁၇ |
| အစည်းအဝေးတက်ရောက်သူဦးရေ | ကျား(၂၃)ဦး၊မ(၃၃)ဦး၊ပေါင်း(၅၆)ဦး |
| အစည်းအဝေးကျင်းပသည့်နေရာ | ဘုန်းတော်ကြီးကျောင်း(ဘန်းယဉ်လေး) |
| အချိန် | နံနက်(၉)နာရီ |

### ဆွေးနွေးချက်များ

ပထမအကြိမ်အစည်းအဝေးက ဆွေးနွေးခဲ့ကြသော လူမှုဆန်းစစ်ချက်များ အကြောင်းကို ပြန်လည်ဆွေးနွေးပြီး စည်းရုံးရေးမှူးမှ လူမှုဆန်းစစ်ချက်၏ ရည်ရွယ်ချက်အကြောင်းကို ရွာသားများနှင့် အတူဆွေးနွေးခဲ့သည်။ ထို့နောက် အမျိုးသား/အမျိုးသမီး သီးသန့်အုပ်စုခွဲ၍ ပြဿနာ/အခက်အခဲများ၊ စိန်ခေါ်မှု/မျှော်မှန်းချက်များ၊ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆွေးနွေးစေခဲ့သည်။ ထွက်ပေါ်လာသော ဆွေးနွေးချက်များကို အမျိုးသား/အမျိုးသမီး volunteer ကို ရွေးချယ်ပြီး ပြန်လည်တင်ပြစေခဲ့သည်။ ပြီးနောက်အမျိုးသား/အမျိုးသမီး ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ထုတ်ပြီးစီမံကိန်းပထမနစ်အတွင်း အကျုံးဝင်၊ မဝင်ကို ရှင်းပြပြီး(၄)နှစ်တာ အတွက်ဖွံ့ဖြိုးရေးလုပ်ငန်းခွဲကို မဲဖြင့်ရွေးချယ်ခဲ့ကြသည်။ ကျေးရွာစီထောက်ကော်မတီကိုလည်း မဲဖြင့်ရွေးချယ်ခဲ့ကြပြီး နောက်ဆက်တွဲအကြောင်းအရာများကို ရှင်းပြဆွေးနွေးပြီး ဒုတိယအကြိမ်အစည်းအဝေးကိုအဆုံးသတ်ခဲ့သည်။

### ဆုံးဖြတ်ချက်များ

အမျိုးသား/အမျိုးသမီးများ၏ ပြဿနာများ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကိုယ်စီဖော်ထုတ်ပြီး ပြန်လည်တင်ပြဆွေးနွေးကြရန် ဆုံးဖြတ်ချက်ချခြင်း၊ ထွက်ပေါ်လာသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မဲဖြင့်ရွေးချယ်ဆုံးဖြတ်ခြင်း၊ ဥက္ကဌကိုလည်းမဲဖြင့်ရွေးချယ်ခြင်း၊ ၄ နှစ်တာအတွက် လုပ်ဆောင်ရမည့် အကြောင်းအရာကို ဆုံးဖြတ်ချက်ချက ဒုတိယအကြိမ် အစည်းအဝေးကို အဆုံးသတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
အမည် = နန်းယိင်းစံ
ရာထူး = လူထုစည်းရုံးရေးမှူး

## ၁၃။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း (ကတ္တရာ) | မ<br>က | စီ/ထောက်ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | မ<br>က | စီ/ထောက်ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | တံတားတည်ဆောက်ပေးခြင်း | မ | စီ/ထောက်ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြုစီမံကိန်း |
| | ၄ | ရေချောင်း၊ရေမြောင်းများပြုပြင်ပေးခြင်း | မ | စီ/ထောက်ကော်မတီအဖွဲ့ဝင်များ | လူထုဗဟိုပြုစီမံကိန်း |
| | ၅ | | | | |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာသင်တန်းများ | မ<br>က | ကျေးရွာအမျိုးသား/ အမျိုးသမီးများ | စိုက်ပျိုးရေးဌာနနှင့် အခြားပြင်ပအဖွဲ့အစည်းများ |
| | ၂ | မသန်းစွမ်းသူများအတွက်ဖွံ့ဖြိုးရေးသင်တန်း | က | ကျေးရွာအမျိုးသား/ အမျိုးသမီးများ | အစိုးရဌာနနှင့် အခြားပြင်ပအဖွဲ့အစည်းများ |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| ကျန်းမာရေးနှင့်အခြား | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |

| | | | | | |
|---|---|---|---|---|---|
| ပညာရေး | ၁ | | | | |
| | ၂ | | | | |
| | ၃ | | | | |
| | ၄ | | | | |
| | ၅ | | | | |
| အခြား | ၁ | ရေအရင်းအမြစ်များ ရရှိစေရန် | က | ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ကျေးရွာလူထု | အစိုးရဌာနများနှင့် အခြားပြင်ပ အဖွဲ့အစည်းများ |
| | ၂ | အိမ်ထောင်စုများအတွက်ပံ့ပိုးမှုန်ဝင်ငွေများ ရရှိစေရန် | က | ကျေးရွာလူထု | အခြားပြင်ပ အဖွဲ့အစည်းများ |
| | ၃ | အားကစားကွင်းများ တည်ဆောက်ပေးခြင်း | က | ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ကျေးရွာလူထု | အစိုးရဌာနများနှင့် အခြားပြင်ပ အဖွဲ့အစည်းများ |
| | ၄ | လူမှုကူညီရေးယာဉ်များ ရရှိရန် | က | ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့်ကျေးရွာလူထု | အစိုးရဌာနများနှင့် အခြားပြင်ပ အဖွဲ့အစည်းများ |
| | ၅ | | | | |

## VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကို စစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံ အချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု...စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်း ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာခနေ) အဆင့်၊ Venn ပုံ...စသည်ဖြင့်-)
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အား ခွဲခြားပေးထား ပါသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်)